ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

11.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၁၅) ဦး	(၁၈) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မွန်ပြည်နယ်

- ဇန်နဝါရီလ ၁၁၀၆၀၀ချိန် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကြိုးတံတားကျေးရွာထိပ်တွင် အင်အား(၂၀)ခန့်ရှိသည့် ရန်သူ့တပ်စခန်းတစ်ခုကို YGF ကဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်သား အနည်းဆုံး(၅)ဦးသေဆုံးခဲ့သည်။
- ဇန်နဝါရီလ(၁၀)ရက်နေ့နေ့လည်(၁)နာရီခန့်က ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာ၊ ရွှေအင်တုံကုန်းတွင် ရန်သူ့ကားတန်း ကို KNLA၊ PDF ပူးပေါင်းတပ်များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ကား(၂)စီးထိမှန်ပြီး ရန်သူတပ်သား(၇)ဦး သေဆုံးကာ (၃)ဦးမှာ ဆေးရုံတင်ပို့ကုသနေရကြောင်း သိရသည်။
- ဇန်နဝါရီလ(၁၁)ရက်နေ့မနက်(၁၀)နာရီခန့်က ရေးမြို့နယ်၊ လမိုင်းမြို့ နှစ်ကရင်ကျေးရွာရှိ လမိုင်းနယ်မြေ ရဲစခန်းကို ရေးပြောက်ကျားတပ်ဖွဲ့-YGFက ဝင်ရောက်စီးနင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ ထွက်ပြေးတိမ်းရှောင် သွားသဖြင့် စခန်းကိုမီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီး စခန်းတွင်းရှိပစ္စည်းနှင့်အဆောက်အဦးများ၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၁၀)ရက်နေ့မနက်(၈:၅၅)နာရီခန့်က ကန့်ဘလူမြို့နယ်၊ ချောင်းကန်ကျေးရွာနှင့် ဇာဒီကျေးရွာ တို့တွင် အထိုင်ချထားသော ရန်သူတပ်သားနှင့်ပျူစောထီးများကို Kanbalu Underground Warriors၊ လင်းယုန်နီ၊ ကန့်ဘလူမြို့နယ် L-PDF မဟာမိတ်အဖွဲ့များပူးပေါင်း၍ လက်နက်ကြီး(၁၂)လုံးဖြင့် သွားရောက် ပစ်ခတ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၁၀)ရက်နေ့ညနေ(၅:၅၅)နာရီမှ(၅:၅၈)နာရီခန့်အထိ မုံရွာမြို့နယ်၊မုံရွာမြို့သာစည်လမ်း အဝိုင်းပတ်အနီး မြို့ရှောင်လမ်းနေရာတွင် ကျောက်စစ်ပုံအမြောက်တပ်မှ ထွက်လာသော ခွေးဘီလူးကား (၁)စီးဖြင့် ရန်သူအင်အား (၆)ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မတော်(မုံရွာခရိုင်)အမှတ်(၂၅)တပ်ရင်း တပ်ခွဲ(၅) က ပဒေသာမိုင်း(၅)လုံး (၁) ပွိုင့်ဖြင့် မိုင်းဆွဲတိုက်ခိုက်ပြီး လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမြောက်တပ်မှ တပ်ရေး ဗိုလ်ကြီး (၁) ဦး ခေါင်းပွင့်သေဆုံးခဲ့သည်။
- ဇန်နဝါရီလ(၁၀)ရက်နေ့,မနက်(၈)နာရီခန့်က မုံရွာမြို့နယ်၊ မင်းဒေါင့်ဆိပ်ကမ်းမှ စုန်ဆင်းလာသော နမခ လက်အောက်ခံတပ် အင်အား (၆၀)ဦး၊ ရဲအင်အား (၂၀)ဦး လိုက်ပါလာသော သံဖလပ်ခွံအမြန်ရေယာဉ်အား ပြည်သူ့ကာကွယ်ရေးတပ်မတော်(မုံရွာခရိုင်)တပ်ရင်း၂၃မှ တိုက်ခိုက်ခဲ့ပြီး ရန်သူတပ်ထံမှ ၄၀ မမ ဗုံးသီး (၁) လုံး၊ ၇.၇၆ ကျည် (၂၀) တောင့်၊ ရဲဝတ်စုံ (၁) စုံ၊ ရဲဦးထုပ် (၁) လုံး၊ ပြည်သူ့စစ်ဝတ်စုံ (၁) စုံ၊ ပွိုင့်ဖိနပ်နှင့်သာမန် အဝတ်အစား (၅) စုံ၊ ခရီးဆောင်အိတ် (၁) လုံး၊ လက်နက်ထုတ်စာရင်းစာရွက် (၂) စောင် သိမ်းဆည်းရမိခဲ့သည်။

<u>မကွေးတိုင်း</u>

ဇန်နဝါရီလ(၁၁)ရက်နေ့မနက်(၇:၄၀)နာရီခန့်က ဂန့်ဂေါမြို့နယ်၊ ဂန့်ဂေါမြို့ ခလရ (၅၀) အတွင်းမှ ထွက်လာသော ရန်သူတပ်ဖွဲ့ဝင် (၉၀) ခန့်ပါစစ်ကြောင်းအား လမ်းပိုင်းတစ်နေရာအရောက်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (ဂန့်ဂေါခရိုင်)အမှတ် (၇) တပ်ရင်းမှ ပြောက်ကျားပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်ဖွဲ့ဝင် (၅) ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

<u>မန္တလေးတိုင်း</u>

- ဇန်နဝါရီလ(၁၀)ရက်နေ့ညနေ(၄)နာရီခန့်က အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီးဘုရားအနီးတွင် ရန်သူ့ ကင်းလှည့်ကား(၂)စီး ဖြတ်သန်းသွားချိန်တွင် No More Dictatorship People Defence Force - NMD PDFအဖွဲ့က ချိန်ကိုက်မိုင်း(၂)လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သောကြောင့် ကား(၁)စီးထိခိုက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၁၀)ရက်နေ့နေ့လည်(၁)နာရီခန့်က ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့တောင်ဘက် နဘူးတောကျေးရွာရှိ စာသင်ကျောင်းစုံညီပွဲတော်သို့လာရောက်၍ လုံခြုံရေးပေးသည့် ရန်သူအင်အား (၆၀)ခန့်ပါသော ဖောကား (၁)စီးနှင့် ခွေးဘီးလူးကား(၂)စီး မြို့သာမြို့ဘက်မှ နဘူးအိုင်ရွာဘက်သို့ မောင်းနှင်လာစဉ် နဂါးနီပြောက်ကျား တပ်ဖွဲ့(မြင်းခြံ)က ရှေ့ဆုံးမှမောင်းလာသည့် ဖောကားနှင့် ခွေးဘီလူးကားတို့ မိုင်းကွင်းထဲအရောက်တွင် မိုင်း(၁၅)လုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရန်သူ(၆)ဦး သေဆုံးခဲ့ပြီး (၁၀)ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်း

ဇန်နဝါရီလ(၁၀)ရက်နေ့မနက်(၁၁:၄၅)နာရီခန့်က ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့အခြေစိုက် ခမရ(၂၆၄) တပ်အတွင်းသို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်(ပဲခူးခရိုင်) တပ်ရင်း ၃၇၀၂၊ တပ်ခွဲ ၁ က M79 ဖြင့် (၂)ချက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာတပ်အတွင်းရှိ တပ်ရင်းမှူးအိမ်ရှေ့တည့်တည့်သို့ ကျည်ကျပေါက်ကွဲခဲ့ပြီး ရန်သူတပ်သား(၁)ဦး ထိခိုက်သေဆုံးသွားကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဇန်နဝါရီလ(၁၁)ရက်နေ့မနက်(၈)နာရီခန့်က မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မိုင်နောင်ရွာတောင်ဘက်ရှိ (ဒေသအခေါ်) တောင်ပတ်လမ်း၊ တင်ကောက်ချောင်းနှင့်မြေနီကုန်းရွာဘက်သို့ ရန်သူအင်အား (၁၀၀) ကျော်ဝင်ရောက်လာပြီး မြန္နာရပ်ကွက်မှ လူငယ်များကိုအိမ်ပြင် ထွက်ခိုင်းကာ လူသားဒိုင်းလုပ်၍ မြန္နာရပ်ကွက် အစွန်တွင် ဒေသခံများကို အကာအကွယ်ယူပြီး စခန်းချနေကြောင်း သိရသည်။

ချင်းပြည်နယ်

ဇန်နဝါရီလ(၁၁)ရက်နေ့က ချင်းပြည်နယ်တွင် ရန်သူစစ်တပ်က လေကြောင်းဖြင့်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားသော CNF/CNA ရဲဘော်များအတွက် ဟားခါးဒေသခံပြည်သူများက ဆိုင်များပိတ်သိမ်း၍ ဝမ်းနည်းကြောင်းဖော်ပြရာ စစ်တပ်က ဆိုင်များပြန်ဖွင့်ရန် ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်း

ဇန်နဝါရီလ(၁၀)ရက်နေ့ည(၁၀)နာရီခန့်မှ (၁၁)နာရီခန့်ထိ မုံရွာမြို့နယ်၊ မုံရွာမြို့နယ်၊ နမခ(လစရ ၆) တပ်ဘက်မှ အရှေ့မြောက်ဘက်သို့ လက်နက်ကြီး၊လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ရာတွင် လက်နက်ကြီး(၁၀)လုံးခန့် ပစ်ခတ်ရာ လစရ(၆) မြောက်ဘက်ကပ်လျက် သပြေတောရွာမှ ဦးကြွေဖွန်း(နေပြည်တော်တာဝန်ကျ စစ်သားယောက္ခမ)နေအိမ်နှင့်ဒေါ်ကုလားမ နေအိမ်တို့အပေါ် သို့ လက်နက်ကြီးကျည်ကျရောက်ထိမှန်ပေါက်ကွဲခဲ့သည်။

ရန်ကုန်တိုင်း

- ဇန်နဝါရီလ(၁၁)ရက်နေ့ညနေ(၅)နာရီခန့်က စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်းပေါ် ရှိ ကင်းလှည့်ကားအား ခတ်ပုံရိုက်သော ကိုထိန်လင်းနိုင်(၅၆) နှစ်ကို ရန်သူတပ်သားများက ဖမ်းဆီးခဲ့သည်။
- ဇန်နဝါရီလ(၁၁)ရက်နေ့၊နေ့လည်(၁၂:၃၀)နာရီခန့်က ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးအနီး တဝိုက်တွင် ရန်သူတပ်သားများက ကား(၂) စီးဖြင့် လူငယ် (၄) ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။
- ဇန်နဝါရီလ(၁၀)ရက်နေ့ည(၉:၃၀)နာရီခန့်က ရွှေပြည်သာမြို့နယ်၊ ထ/၁၅ ရပ်ကွက် NLD ပါတီ ရပ်ကျေးတာဝန်ခံ ကိုစိန်ဝင်းနှင့်ဇနီးဖြစ်သူကို ရန်သူတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်။